ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို)

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို)အကြောင်း
# သိကောင်းစရာ

(၂၀၁၈) ခုနှစ်

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) အကြောင်း သိကောင်းစရာ
# ပုံနှိပ်မှတ်တမ်း


ဥက္ကဋ္ဌ - ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသ (သမဏအာဇာနည်)

တာဝန်ခံ - ဒေါက်တာဘဒ္ဒန္တကိတ္တိသာရ

စာတည်းအဖွဲ့ - ဒေါက်တာဘဒ္ဒန္တထေရာသဘ (န. ပ. သ. တက္ကသိုလ်)၊
ဘဒ္ဒန္တကောဝိဒ (ယော)၊ ဘဒ္ဒန္တဉာဏိန္ဒ (ရွှေသိမ်ဦး)၊
ဘဒ္ဒန္တရေဝတ (သာသနာ့ပျိုးခင်း)၊
ဘဒ္ဒန္တဓမ္မိက၊ ဘဂိနီ။

သတင်းအချက်အလက်နှင့် ကွန်ပျူတာစာစီ - ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ရုံးအဖွဲ့သားများ။

ပုံနှိပ်သူ - ဒေါ်ခင်အေးမော် (ဂုဏ်သီရိပုံနှိပ်တိုက်) (၀၀၂၆၀)၊
အမှတ် ၅၂/၇၄၊ လမ်း ၃၀၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၀၀၂၅၇၅၊ ၀၉၄၄၅၀၀၂၅၇၅

အုပ်ရေ - ၁၂၀၀၀။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) မှ ထုတ်ဝေဖြန့်ချိပါသည်။

၂၀၁၈ - ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

# မာတိကာ


* ဥက္ကဋ္ဌဆရာတော် ၏ အကြံပြုတိုက်တွန်းလွှာ က
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် အဓိကလုပ်ငန်းများ ၁
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) အကြောင်း သိကောင်းစရာ ၂
* ခမ္မစကူးလ်ဖောင်ဒေးရှင်း မူဝါဒရှင်းတမ်း ၃
* ခမ္မစကူးလ်လိုဂို (Logo) အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခမ္မစကူးလ်ဖောင်ဒေးရှင်းအလံနှင့် အသုံးပြုပုံ ၆
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) လက်ရှိဖွဲ့စည်းပုံ အခြေပြဇယား ၈
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ပထမအကြိမ် ကော်မတီစာရင်း (၂၀၁၂ - ၂၀၁၃) ၉
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ဒုတိယအကြိမ် ကော်မတီစာရင်း (၂၀၁၄ - ၂၀၁၇) ၁၁
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) တတိယအကြိမ် ကော်မတီစာရင်း (၂၀၁၇ - ခုနှစ်၊ မေလ) ၁၃
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ၏ လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲရေးရာဌာန လုပ်ငန်းစဉ်မိတ်ဆက် ၁၆
* သင်ရိုးညွှန်းတမ်းစာအုပ်များ ဖြန့်ချိထားမှုအခြေအနေ ၁၇
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ခမ္မစကူးလ်ဂျာနယ် ထုတ်ဝေမှုအခြေအနေ ၁၈
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) စုံညီပွဲတော်များ ၁၉
* ပညာရေးဌာနနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးဌာန မိတ်ဆက် ၂၀
* သင်ရိုးညွှန်းတမ်း ကဏ္ဍကြီးများနှင့် မာတိကာများ ၂၁
* ထွက်ရှိပြီး သင်ရိုးညွှန်းတမ်းများနှင့် စတင်ထုတ်ဝေသည့်ခုနှစ်များ ၂၉
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ပရိယတ္တိပညာရှင်များ ၃၀
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) နည်းပညာရှင်များ ၃၁
* လေ့ကျင့်သင်ကြားရေးဌာန မိတ်ဆက် ၃၂
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ပထမအကြိမ် နည်းပြစာရင်း ၃၃
* ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ဒုတိယအကြိမ် နည်းပြစာရင်း ၃၄

| | | |
|---|---|---|
| * | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) တတိယအကြိမ် နည်းပြစာရင်း | ၃၅ |
| * | ညွှန်ကြားလွှာနှင့် ကြေညာချက်များ | ၃၈ |
| * | လေ့လာကြီးကြပ်ရေးဌာန မိတ်ဆက် | ၄၈ |
| * | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ပြည်နယ်/တိုင်း ကော်မတီများစာရင်းအချုပ် | ၄၉ |
| * | မြို့နယ်ဓမ္မစကူးလ်ကော်မတီစာရင်းများနှင့် | |
| * | ဓမ္မစကူးလ်အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်းများစာရင်း | ၅၀ |
| * | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) စီမံခန့်ခွဲရေးဆိုင်ရာ နည်းပြစာရင်း | ၆၃ |
| * | တိုင်း/ပြည်နယ် ကော်မတီစာရင်းနှင့် ဓမ္မစကူးလ် အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်း စာရင်းအချုပ် | ၆၄ |
| * | ဓမ္မစကူးလ်များ စီမံခန့်ခွဲရေးဆိုင်ရာ | |
| * | အလုပ်ရုံဆွေးနွေးပွဲ မိတ်ဆက်နှင့် စံသတ်မှတ်ချက်များ | ၆၅ |
| * | ဘဏ္ဍာရေးဌာနမိတ်ဆက် | ၆၉ |
| * | သင်ရိုးညွှန်းတမ်းစာအုပ်များနှင့် ဓမ္မစကူးလ်ဆက်စပ်ပစ္စည်းများ | |
| * | မှာယူအားပေးမှုနှင့် ပတ်သက်၍ မေတ္တာရပ်ခံချက် | ၆၉ |
| * | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) (၃၁. ၃. ၂၀၁၈) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေ သုံးသပ်ချက် | ၇၁ |
| * | အသင်းဝင်ဌာနမိတ်ဆက် | ၇၆ |
| * | ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ပြည်နယ်/တိုင်းအလိုက် အသင်းဝင် တာဝန်ခံများစာရင်း | ၇၇ |
| * | ဧပြီ ၂၀၁၆ မှ မတ် ၂၀၁၈ အထိ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ပိုင် ကျောင်းတော်ကြီး အလှူငွေ | ၈၂ |
| * | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ထာဝရငွေပဒေသာပင် | ၈၃ |
| * | အရောင်းဌာန | ၈၄ |
| * | သတင်းနှင့် ပြန်ကြားရေးဌာန | ၈၆ |
| * | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ၏ မေတ္တာရပ်ခံချက်နှင့် ကြေညာချက်များ | ၈၇ |

# ဓမ္မစကူးလ်ဖောင်ဒေးရှင်းလုပ်ငန်းဆိုတာ
# ဗုဒ္ဓသာသနာပြု ရတနာလုပ်ငန်းကြီးပါ

သမဏအာဇာနည်
အရှင်သိရီကဥ္စနာဘိဝံသ
ဥက္ကဋ္ဌဆရာတော်၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း(ဗဟို)

## ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ

ယဉ်ကျေးပြီးသော မြတ်ဘုရားသည် အများသူငါ ယဉ်ကျေးဌါ ကောင်းစွာ တရားဟောပါသည်။ **(မူလပဏ္ဏာသပါဠိ-၂၉၈)**

ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ဆောင်ရွက်နေသော ဓမ္မစကူးလ်လုပ်ငန်းဆိုတာ သီလ သမာဓိ ပညာ သိက္ခာသုံးဖြာ သာသနာကို မိမိသန္တာန်မှာရော သူတစ်ပါးသန္တာန်မှာပါ ဖြစ်တည်အောင် ဆောင်ရွက်ပေးနေသော ဗုဒ္ဓသာသနာပြု ရတနာလုပ်ငန်းကြီးပါ။

ကလေးသူငယ်/ကျောင်းသား-ကျောင်းသူ လူငယ်များအတွက် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်များနှင့်အညီ သင်ကြားပို့ချရင်း မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်တတ်ရန် သင်ကြားလေ့ကျင့်ပေးနေခြင်း ဖြစ်သော်လည်း

ဦးဆောင်ဆရာတော်ကြီးများနှင့် ဆရာ/ဆရာမများ ကော်မတီတာဝန်ရှိသူများကိုယ်တိုင်ပင် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်များနှင့်အညီ နေထိုင်ဖြစ်အောင်ကြိုးစားရင်း ကိုယ်နှုတ်စိတ် ယဉ်ကျေးလိမ္မာအောင် လေ့ကျင့်နေကြသော သူတော်ကောင်းလုပ်ငန်းကြီးဖြစ်ပါသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူဝါဒ, ရည်မှန်းချက်, ရည်ရွယ်ချက်နှင့် အစီအစဉ်များ၊ အစီကလုပ်ငန်းများ၊ ထားရှိသော သဘောထား၊ ဆောင်ပုဒ်များကို သတိဉာဏ်ယှဉ် ကြည့်ရှုဆင်ခြင်ပြီး လက်တွေ့ ဆောင်ရွက်နေမှုများနှင့် ချိန်ညှိကြည့်ရှုပါက ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည်

၁။ ဗုဒ္ဓသာသနာတော် မပျောက်အောင် မပြောင်းအောင် မပျက်အောင်

၂။ မြန်မာနိုင်ငံတော် မပျောက်အောင် မပျက်အောင်

၃။ မြန်မာ့ယဉ်ကျေးမှုများ မပျောက်အောင် မပျက်အောင်

သာသနာနှင့်မြန်မာ သာသနာနှင့်လောက ကြီးပွါးအောင် ဆောင်ရွက်နေ သော ဗုဒ္ဓသာသနာပြု လုပ်ငန်းကြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း၌ နာမည်တူ အခြားဓမ္မစကူးလ်များရှိနေကြသော်လည်း နာမည်အပြည့်အစုံနှင့် လုပ်ကိုင်ဆောင်ရွက်နေကြပုံ အဆင့်ဆင့်တို့ကား မတူညီကြပါ။ ဤအရှင်တို့ ဆောင်ရွက်နေကြသည်ကား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဓမ္မစကူးလ်ဖောင်ဒေးရှင်းဖြစ်ပါသည်။ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ လုပ်ငန်းအဖြာဖြာ ဆောင်ရွက်ကြသည့်အခါ အထက်အောက် သဘောမထား ဗုဒ္ဓသာသနာပြု မိသားစု ပမာ အချင်းချင်း အကြံပြုတိုက်တွန်းပြီး လက်တွဲညီညီ ဆောင်ရွက်နေကြပါသည်။ ဤအရှင်အနေဖြင့် အကြံပြုတိုက်တွန်းလေ့ရှိသော အချက်များစွာထဲမှ အနည်းငယ်ထုတ်ပြလိုပါသည်။

❖ **စိတ် စာ စွမ်းရည်၊ စည်း စွန့် ညီ၊ ခန္တီ ချီးကျူး ဓမ္မစကူးလ်** ဖြစ်ပါသည်။

(၁) + **စိတ်** - စိတ်ဓာတ်ကောင်းမွန်ရမည်၊ မေတ္တာကရုဏာစသော ဗြဟ္မစိုရ်စိတ်ထားရမည်၊ စိတ်စေတနာကောင်းရမည်။

(၂) + **စာ** - စာများများဖတ်ရမည်၊ ဝမ်းစာများများစုရမည်၊ စာနာစိတ်ထား သင်ကြားရမည်၊ ပြောကြားရမည်၊ ကိုယ်ချင်းစာ မေတ္တာများများ မွေးရမည်။

(၃) + **စွမ်းရည်-** စွမ်းရည်ပြည့်ဝတဲ့ ဓမ္မစကူးလ်ဆရာ/ဆရာမ၊ ဓမ္မစကူးလ်မိသားစုဖြစ်အောင် လေ့ကျင့်ရမည်၊ အစွမ်းအစဆိုတဲ့အတိုင်း အစကတည်းက အစွမ်းပါအောင် အားထုတ်ရမည်၊ အစလေးဘဲရှိသေးတယ်ဟု သဘောထားပြီး ပေါ့ပျက်ပျက်မလုပ်သင့်။

စွမ်းရည်ဆိုတာ-

❖ **သင်ကြား စည်းရုံး၊ ပေါင်း စည်းလုံး၊ အသုံးချစွမ်းရည် ပြည့်စုံညီ-** ဆိုတဲ့ အတိုင်း ၁။ သင်ကြားရေးစွမ်းရည်၊ ၂။ စည်းရုံးရေးစွမ်းရည်၊ ၃။ အချင်းချင်း နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သံဃာ့အဖွဲ့အစည်း/လူ့အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဥပဒေစည်းကမ်းနည်းလမ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေးစွမ်းရည်၊ ၄။ စည်းလုံးညီညွတ်အောင်ကျင့်ဆောင်ရေးစွမ်းရည် ၅။ သင်တန်းတက်ချိန်, ဓမ္မစကူးလ်လုပ်ငန်း ဆောင်ရွက်ချိန်၌ ကိုယ့်ရဲ့မျက်စိ နား ပါးစပ် လက်ခြေ ဦးခေါင်း အားလုံး အသုံးချနိုင်မှ အသုံးကျသောခန္ဓာ, စွမ်းရည်ရှိသော ခန္ဓာဖြစ်လာပါမည် စသည်ဖြင့် စွမ်းရည်များစွာ စုဆောင်းကြရမည်။

(၄) + **စည်း -** စည်းလုံးရမည်၊ ညီညွတ်ရမည်၊ စည်းရုံးရမည် ဗုဒ္ဓကိုယ်တိုင် ဓမ္မအတွက် အပင်ပန်းခံပြီး ဓမ္မနည်းလမ်းဖြင့် အင်္ဂုလိမာလ, အာဠာဝက- စသည်တို့ကို စည်းရုံးခဲ့သည်။

စည်းကမ်းရှိရမည်၊ စည်းကမ်းလိုက်နာရမည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဝိနည်းစည်းကမ်းများနှင့်အညီ ကျင့်ဆောင်ကြရမည်။ ရဟန်းရှင်လူ အတူတူ စားပွဲဝိုင်းထိုင်၍ သုံးဆောင်ခြင်း၊ လူကအထက် ရှင်ရဟန်းက အောက်ဖြစ်နေခြင်း စသော နည်းလမ်းမကျသော စီမံမှုများ မဖြစ်ရအောင် ဆောင်ရွက်ရမည်။ နိုင်ငံနှင့် လောကဆိုင်ရာစည်းကမ်းများကို သိရှိပြီး စည်းကမ်းတကျ ဆောင်ရွက်ကြရမည်။ မှန့်မှုန့်များကို လုံးဖို့အတွက် ရေစသည်ဖြင့် စီးတွဲနေအောင် ပြုပြီးမှ မုန့်လုံးရသလို အဖွဲ့အစည်းနှင့် ဆောင်ရွက်သောအခါ မေတ္တာအစီးဓာတ် များများသုံးရမည်။

(၅) + **စွန့်** - စွန့်လွှတ်အနစ်နာ ခံနိုင်ရမည်၊ မိမိရဲ့အားချင်, နားချင်တာတွေ စွန့်လွှတ်ရမည်။ ကိုယ့်ပစ္စည်းကို ပေးစွန့်လှူဒါန်းရတာတွေလည်း ရှိလိမ့်မည်။

(၆) + **ညီ** - ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆောင်ရွက်ရမည်။ ငါတကော ကောပြီး ထင်ရာပြော ထင်ရာလုပ်မဖြစ်စေရပါ။ ဉစ္စာ ပညာ လိုအပ်ရာရာ အကူအညီပေးကြရမည်။

(၇) + **ခန္တီ** - သည်းခံခြင်းတရား နှလုံးသားမှာထားပြီး ဆောင်ရွက်ကြရပါမည်။

(၈) + **ချီးကျူး** - အချင်းချင်း ကြားမှာသာ ဓမ္မစကူးလ်စကားပြောကြားရမည်မဟုတ်ပါ။ အခြားသူများနှင့်တွေ့ဆုံသည့်အခါမှာလည်း ဓမ္မစကူးလ်ဖောင်ဒေးရှင်းအကြောင်း ချီးကျူးစကား ပြောကြားပြီး စိတ်ဝင်စားလာအောင် စည်းရုံးကြရမည်။ မသိသူ သိလာအောင်၊ သိသူ ပါလာအောင်၊ ပါလာသူတွေ အရည်အချင်းရှိအောင် ကူညီပေးကြရမည်။ အချင်းချင်း၏ စွမ်းဆောင်ရည်ဂုဏ်တွေ, ကျောင်းသား/ကျောင်းသူ လူငယ်တွေရဲ့ စွမ်းဆောင်ရည်ဂုဏ်တွေကိုလည်း ချီးကျူး- ချီးမွမ်းပြီး တစ်သာသနာလုံးက တစ်နိုင်ငံလုံးက ချီးကျူးခံရသော ဓမ္မစကူးလ်ဖောင်ဒေးရှင်းကြီးဖြစ်အောင်, ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် အစဉ်ထာဝရ အားကိုးရသော ဓမ္မစကူးလ်ဖောင်ဒေးရှင်းကြီးဖြစ်အောင် လက်တွဲညီညာ ဆောင်ရွက်ကြပါစို့- ဟု တိုက်တွန်းလိုက်ရပါသည်။ ။

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)
## မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် အဓိကလုပ်ငန်းစဉ်များ

### ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူဝါဒများမှာ -

(က) ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်များနှင့်အညီ သင်ကြားပို့ချရေး၊
(ခ) မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေး၊
(ဂ) အခြားသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ မထိခိုက်ရေး၊
(ဃ) ပါတီနိုင်ငံရေး ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ရေး - တို့ ဖြစ်ပါသည်။

### ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ရည်မှန်းချက်မှာ -

ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာပြီး ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရန် ဖြစ်ပါသည်။

### ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်များမှာ -

(က) ခေတ်မီသင်ကြားရေးနည်းစနစ်များ ပါဝင်သည့် အတန်းစဉ်အလိုက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးသည့် ဓမ္မစကူးလ်ကျောင်းများ မြန်မာနိုင်ငံအနှံ့ ပေါ်ပေါက်လာပြီး မျိုးဆက်သစ်လူငယ်များ ဗုဒ္ဓတရားတော်များကို အခြေခံမှစ၍ လေ့လာသင်ကြားနိုင်ရန်၊
(ခ) မိရိုးဖလာဗုဒ္ဓဘာသာဝင်မှ ဗုဒ္ဓတရားတော်များကို လက်တွေ့ဘဝတွင် အသုံးချနိုင်သော အဆင့်မြင့် ဗုဒ္ဓဘာသာဝင်များဖြစ်လာရန်၊
(ဂ) ဆရာနှင့်ဒကာ ညီညာစွာ လက်တွဲ၍ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်သွားနိုင်ရန် - တို့ဖြစ်ပါသည်။

### ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ အဓိကလုပ်ငန်းများမှာ -

(က) ဗုဒ္ဓဘာသာ သင်ရိုးညွှန်းတမ်းများကို ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် ရေးဆွဲခြင်း၊
(ခ) ဗုဒ္ဓဘာသာ သင်ရိုးညွှန်းတမ်းများကို ထိရောက်စွာ အကောင်အထည်ဖော်

သင်ကြားပေးနိုင်ရေးအတွက် ဆရာဖြစ်သင်တန်းများ ပို့ချခြင်း၊

(ဂ) ဓမ္မစကူးလ်ကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရန် ပံ့ပိုးကူညီပေးခြင်း၊

(ဃ) ဓမ္မစကူးလ်ကျောင်းများ အရည်အသွေးပြည့်မီ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ကွင်းဆင်းလေ့လာခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးခြင်း၊

(င) ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူဝါဒနှင့်အညီ အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော နည်းပညာများ အချင်းချင်း အပြန်အလှန် နှီးနှောဖလှယ်ခြင်း - တို့ဖြစ်ပါသည်။

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) အကြောင်း သိကောင်းစရာ

ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများပေါ်ထွန်းလာပြီး ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရန် ရည်မှန်းလျက် ဓမ္မစကူးလ်ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့သည်။

❖ သာသနာတော်နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ - ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇) ရက်၊ ခရစ်နှစ် ၂၀၁၂ - ခု၊ မတ်လ (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့တွင် စတင်တည်ထောင်သည်။

❖ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ကော်မတီကို (က) ဩဝါဒါစရိယ ဆရာတော် (၉) ပါး၊ (ခ) ဂုဏ်ထူးဆောင်နာယက (၁) ပါး၊ (ဂ) နာယကဆရာတော် (၁၅)ပါး၊ (ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (၅) ပါး၊ (င) အမှုဆောင်အဖွဲ့ဝင် (၃၀) ဦးဖြင့် လက်ရှိဖွဲ့စည်းထားသည်။

❖ ဆောင်ပုဒ်မှာ 'ပညာပြည့်ဝ နှလုံးလှဖို့ ဓမ္မအမွေ ဖြန့်ဝေစို့' ဖြစ်သည်။

❖ ဓမ္မစကူးလ်အလံတော်ကို ၂၀၁၄ - ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် သတ်မှတ်ခဲ့သည်။

❖ ဗဟိုရုံးချုပ်သည် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာတိုက်၊ မြိတ်ကျားကျောင်း၌ တည်ရှိသည်။

❖ ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ပိုင် ကျောင်းတော်သစ်ကြီးကို ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေကွက်အမှတ် (၆၃၄၊ ၆၄၄)တွင် ဆောက်လုပ်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိသည်။

❖ လုပ်ငန်းများကို (က) စီမံခန့်ခွဲရေးဌာန၊ (ခ) ပညာရေးဌာန၊ (ဂ) ဘဏ္ဍာရေး

ဌာနတို့ဖြင့် လည်ပတ်သည်။

- ❖ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ဓမ္မစကူးလ်ကျောင်းသားကိုင်နှင့် ဆရာလမ်းညွှန်စာအုပ်များကို ၂၀၁၃ - ခုနှစ်၊ မတ်လတွင် စတင်မိတ်ဆက် ထုတ်ဝေခဲ့သည်။
- ❖ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းများကို ၂၀၁၃ - ခုနှစ်၊ မေလတွင် စတင် ကျင်းပခဲ့သည်။
- ❖ ဓမ္မစကူးလ်နည်းပြများကို ၂၀၁၃ - ခုနှစ်၊ အောက်တိုဘာလတွင် စတင် မွေးထုတ်ခဲ့သည်။
- ❖ ဓမ္မစကူးလ်စီမံနည်းပြများကို ၂၀၁၈-ခုနှစ်၊ ဇူလိုင်လတွင် စတင်မွေးထုတ်ခဲ့သည်။
- ❖ ဓမ္မစကူးလ်ဂျာနယ်ကို နှစ်လလျှင် တစ်ကြိမ်ထုတ်ဝေလျက်ရှိသည်။
- ❖ ဓမ္မစကူးလ်စုံညီပွဲတော်များကို နှစ်စဉ်ကျင်းပလျက်ရှိသည်။
- ❖ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကို လစဉ် နောက်ဆုံးအပတ် တနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိသည်။

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း မူဝါဒရှင်းတမ်း

'ဓမ္မစကူးလ်ဖောင်ဒေးရှင်းဆိုတာ အဖွဲ့အစည်းတစ်ခုရဲ့ လက်အောက်ခံဖြစ်တယ်၊ အဖွဲ့အစည်းတစ်ခုက အသွင်တစ်မျိုးနဲ့ လုပ်နေတာဖြစ်တယ်' စသည်ဖြင့် ဖောင်ဒေးရှင်းအကြောင်းကို ဂဃဏန မသိဘဲ ပြောဆို ဝေဖန်နေကြသည်ကို တွေ့ရှိနေရပါသည်။ အဆိုပါပြောဆိုဝေဖန်နေမှုများသည် လုံးဝအခြေအမြစ် မရှိကြောင်း၊ လုံးဝမှားယွင်းကြောင်း ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) အနေဖြင့် အခိုင်အမာ ဆိုချင်ပါသည်။

အမှန်အားဖြင့် 'ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာပြီး ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာရန်' ရည်မှန်းချက်ဖြင့် ရှင်းလင်းပြတ်သားသောမူဝါဒများ ချမှတ်ကာ ဗုဒ္ဓဘာသာစာရိတ္တပညာရေး (Buddhist Ethical Education) စနစ်တစ်ခု မြန်မာနိုင်ငံ၌ ထွန်းကားလာရေးအတွက် သာသနာတော်နှစ် ၂၅၅၅ ၊ ကောဇာသက္ကရာဇ် ၁၃၇၃ - ခု၊ တပေါင်းလပြည့်ကျော် (၇) ရက်၊ ခရစ်နှစ် ၂၀၁၂ - ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး အမြဲအခိုင်ကင်းစွာ ရပ်တည်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ယနေ့ဆိုလျှင် တိုင်းနှင့် ပြည်နယ်အသီးသီးတွင် ဓမ္မစကူးလ် အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်းပေါင်း ၁၈၀၀၀ ကျော်မှာ ဗုဒ္ဓဘာသာမျိုးဆက်သစ် ကလေးငယ်ပေါင်း နှစ်သန်းကျော် ခေတ်မီပညာရေးစနစ်ဖြင့် ဗုဒ္ဓတရားတော်များကို သင်ကြားသင်ယူခွင့် ရရှိနေကြပြီဖြစ်ပါသည်။ ယခုကဲ့သို့ အချိန်တိုကာလအတွင်း ဗုဒ္ဓဘာသာမြန်မာပြည်သူများ၏ ကြိုဆိုလက်ခံမှု ကျယ်ကျယ်ပြန့်ပြန့် ရရှိခဲ့သည်မှာ ဖောင်ဒေးရှင်း (ဗဟို) ၏ သင်ရိုးညွှန်းတမ်းများ စနစ်ကျကောင်းမွန်ခြင်းနှင့် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းများ၏ ထိရောက်ခြင်းတို့ကြောင့် ဖြစ်သည့်အပြင် ဖောင်ဒေးရှင်း၏ မူဝါဒများ ရှင်းလင်းပြတ်သားခြင်းတို့ကြောင့်လည်း ဖြစ်ပါသည်။

**ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူဝါဒ -**

(က) ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်များနှင့်အညီ သင်ကြားပို့ချရေး။
(ခ) မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) အခြားသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ မထိခိုက်ရေး။
(ဃ) ပါတီနိုင်ငံရေး ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ရေး။

ဓမ္မစကူးလ် သင်ရိုးညွှန်းတမ်းများ စီစဉ်ရေးဆွဲရာ၌ ထေရဝါဒ ဗုဒ္ဓဘာသာတရားတော်များကို အခြေခံအဖြစ် ထားရှိပြီး ရတနာသုံးပါး၊ ဗုဒ္ဓဝင်၊ မင်္ဂလာတရားတော်၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘာသာရေးလုပ်ငန်းစဉ်များ၊ ဗုဒ္ဓဘာသာသမိုင်း-ပုဂ္ဂိုလ်ထူးများနှင့် နေ့ထူးနေ့မြတ်များ၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူမှုရေးကျင့်ဝတ်များ၊ ဗုဒ္ဓဝါဒ၊ အဘိဓမ္မာ၊ ရွတ်ဖတ်ပူဇော်ဖွယ်ရာ ဓမ္မရတနာဟူသော ကဏ္ဍကြီး (၉) ခုဖြင့် စီစဉ်ရေးဆွဲထားပါသည်။

မြန်မာနိုင်ငံတနံတလျားရှိ ဓမ္မစကူးလ် အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်းများသည်လည်း ဓမ္မစကူးလ် သင်ရိုးညွှန်းတမ်းများကို အသုံးပြု၍ **'ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်များနှင့်အညီ သင်ကြားပို့ချရေး'** မူကို အလေးထားကာ ဗုဒ္ဓဘာသာ မျိုးဆက်သစ် လူငယ်များအား သင်ကြားပို့ချပါသည်။

**'မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေး'** ဟူသော မူဝါဒအနေဖြင့် ဗုဒ္ဓဘာသာကို အခြေခံ၍ ပေါ်ပေါက်လာခဲ့သော ညောင်ရေသွန်းပွဲ၊ ဝါဆိုပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ရှင်ပြုနားသပွဲ၊ တပေါင်းပွဲ၊ ဆရာကန်တော့ပွဲ၊ သက်ကြီးပူဇော်ပွဲ စသည့် ရိုးရာယဉ်ကျေးမှုပွဲတော်များ စတင်

ပေါ်ပေါက်လာပုံ၊ ယင်းတို့၏အနှစ်သာရ၊ ကလေးများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဖော်ထုတ်၍ စိတ်ဝင်စားဖွယ်ရာဖြစ်အောင် သင်ကြားပေးပါသည်။

**'အခြားသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ မထိခိုက်ရေး'** ဟူသော မူဝါဒသည် (က) ကို မြဲရာသံပတ်ထားခြင်းပင် ဖြစ်ပါသည်။ အမှန်အားဖြင့် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်များနှင့်အညီ ပြောဆိုလုပ်ကိုင်ဆောင်ရွက်သည့် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကမှ အခြားပုဂ္ဂိုလ်၊ ဘာသာ၊ အဖွဲ့အစည်းကို ထိခိုက်အောင် ပြောဆိုလုပ်ကိုင်ဆောင်ရွက်လိမ့်မည် မဟုတ်ပေ။ ထိခိုက်အောင် ပြောဆို လုပ်ကိုင်ဆောင်ရွက်ပါကလည်း ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်နှင့် အညီဟု ပြော၍ ရတော့မည်မဟုတ်ပေ။

**'ပါတီနိုင်ငံရေး ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ရေး'** မူဝါဒမှာ ဓမ္မစကူးလ် ဖောင်ဒေးရှင်း၏ ကိုယ်ပိုင်အမှတ်တံဆိပ် (Logo)၊ အလံ စသည်တို့ကို အသုံးပြု၍ နိုင်ငံရေးခေါင်းဆောင်များကို ကြိုဆိုခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဓမ္မစကူးလ်လုပ်ငန်းများနှင့် နိုင်ငံရေးကိစ္စကို ရောယှက် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို ခွင့်မပြုဟူ၍ ဆိုလိုပါသည်။ ဓမ္မစကူးလ်လုပ်ငန်းပြင်ပ အချိန်များတွင် မိမိကြိုက်နှစ်သက်ရာ ပါတီလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ဘာသာရေး၊ လူမျိုးရေးစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ယနေ့အချိန်အခါ၌ ဤကဲ့သို့ ရှင်းလင်းပြတ်သားသော မူဝါဒများ ချမှတ်ဆောင်ရွက်မှသာ ဗုဒ္ဓဓမ္မပညာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် မိမိတို့ယုံကြည်မျှော်မှန်းထားရာ ပန်းတိုင်သို့ ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

## ဓမ္မစကူးလ်ဖောင်ဒေးရှင်းလိုဂို (Logo) အဓိပ္ပာယ်ဖွင့်ဆိုချက်

ဓမ္မစကူးလ်လိုဂို၌ပါသော စက်ဝိုင်းအမှတ်တံဆိပ်သည် စကြဝဠာလောက၏ အမှတ်အသားဖြစ်သည်။ ဗောဓိညောင်ရွက်သည် မြတ်စွာဘုရား၏ ဗောဓိဉာဏ်တော် သဗ္ဗညုတဉာဏ်တော်ကို ကိုယ်စားပြုသည်။ ပဋ္ဌာန်း (၂၄) ပစ္စည်း စက်ဝိုင်းသည် ပဋ္ဌာန်း တရားတော်စသော ပိဋကတ်သုံးပုံကို ကိုယ်စားပြုသည်။ အောက်ခံခုံသည် ခိုင်ခံ့သော ဗုဒ္ဓဘာသာအဖွဲ့အစည်းကို ကိုယ်စားပြုသည်။ အစိမ်းရောင်သည် ငြိမ်းချမ်း သာယာသော မေတ္တာတရားကို ကိုယ်စားပြုသည်။ အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်းကို ကိုယ်စား ပြုသည်။ အဝါရောင်သည် ဘာသာရောင်၊ သာသနာရောင် ထွန်းလင်းတောက်ပမည့် အဓိပ္ပာယ်ကိုဆောင်သည်။ အနက်ရောင်သည် လေးနက်သော အဓိပ္ပာယ်ကို ဆောင်သည်။

## ဓမ္မစကူးလ်ဖောင်ဒေးရှင်းအလံနှင့် အသုံးပြုပုံ

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ကိုယ်ပိုင်အလံကို ၂၀၁၄ - ခုနှစ်၊ ဧပြီလ(၁၀)ရက် ၂-နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား၌ အတည်ပြုခဲ့ပြီး စတင်အသုံးပြုသည်။ ဓမ္မစကူးလ် အလံသည် အဖြူရောင်ပိတ်စနောက်ခံတွင် ဓမ္မစကူးလ်ဖောင်ဒေးရှင်းတံဆိပ်ကို အလယ် တည့်တည့်တွင် ထား၍ အထက်နှင့်အောက် လိုင်းဖြတ် ၆ ရောင် (မြတ်ဗုဒ္ဓ၏ ရောင်ခြည် တော် ခြောက်သွယ်ကို ကိုယ်စားပြုသော) ပုံစံဖြင့် ဒီဇိုင်းထုတ်ထားပါသည်။




၁။ ဖောင်ဒေးရှင်းအလံ၏ အရွယ်အစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဖောင်ဒေးရှင်းအလံ၏ စံပြုအရွယ်အစားသည် အလျား ၅ ပေ၊ အနံ ၃ ပေ ဖြစ်သည်။

၂။ ဤဖောင်ဒေးရှင်းအလံကို အသုံးပြုရာတွင် ဖောင်ဒေးရှင်း၏ ဂုဏ်ကျက်သရေကို ထိခိုက် ညှိုးနွမ်းစေသည့် စုတ်ပြဲနေသော၊ ချုပ်ရိုးပြုတ်နေသော၊ အရောင်အဆင်း မှေးမှိန်လွန်းသော အလံများကို ရှောင်ရှား၍ ချို့ယွင်းချက်မရှိသည့် အလံကိုသာ အသုံးပြုရမည်။

(က) အလံကို အလျားလိုက် ချိတ်ဆွဲ၍သာ အသုံးပြုရမည်။ ဒေါင်လိုက်ချိတ်ဆွဲ၍ အသုံးမပြုရ။

(ခ) ဖောင်ဒေးရှင်းအလံကို နိုင်ငံတော်အလံနှင့် ယှဉ်၍သော်လည်းကောင်း၊ နိုင်ငံတော် အလံထက် မြှင့်၍သော်လည်းကောင်း အသုံးမပြုရ။

(ဂ) အကယ်၍ နိုင်ငံတော်အလံနှင့် ယှဉ်တွဲအသုံးပြုပါက နိုင်ငံတော်အလံ၏ အောက်နိမ့်၍ အသုံးပြုရမည်။

(ဃ) ဓမ္မစကူးလ် အခမ်းအနားများ၊ ဆုပေးပွဲများ၊ ဘာသာရေးပွဲများ၊ နှစ်ပတ်လည် စသည့် အခမ်းအနားများတွင် အသုံးပြုနိုင်သည်။

(င) အလံတိုင်တွင် အသုံးပြုပါက အလံတိုင်ကို တည့်တည့်မတ်မတ် စိုက်ထူ၍ အသုံးပြုရမည်။

(စ) မိမိဖောင်ဒေးရှင်း၏ အလံကို ရိုသေစွာ အသုံးပြုရမည်။

**မွေ့စကူးလ်ဖောင်ဒေးရှင်း (ဗဟို)**

**လက်ရှိ ဖွဲ့စည်းပုံအခြေပြဇယား**



## ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)
## ပထမအကြိမ် ကော်မတီစာရင်း (၂၀၁၂ – ၂၀၁၃)

### (က) ဩဝါဒါစရိယဆရာတော်ကြီးများ

၁။ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ)
၂။ ဘဒ္ဒန္တတိလောကာဘိဝံသ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်၊ ရန်ကုန်။
၃။ ဘဒ္ဒန္တသဒ္ဓိယ (ရွှေသုဝဏ်ဆရာတော်)၊ သဃ်န်းကျွန်း၊ ရန်ကုန်။
၄။ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋက ယောဆရာတော်)
မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ရန်ကုန်။
၅။ ဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်။
၆။ ဘဒ္ဒန္တခေမာစာရ၊ မြကျောက်ဆရာတော်၊ မန္တလေး။

### (ခ) နာယကဆရာတော်များ

၁။ ဘဒ္ဒန္တဝိဇယ (စလေဆရာတော်)၊ မန္တလေး။
၂။ ဘဒ္ဒန္တနာယက (ဖောင်တော်ဦးဆရာတော်)၊ မန္တလေး။
၃။ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ မစိုးရိမ်တိုက်ဟောင်း၊ မန္တလေး။
၄။ ဘဒ္ဒန္တဝိစိတ္တသာရ (လေးအိမ်စုဆရာတော်)၊ ကရင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်။
၅။ ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)၊ ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်။
၆။ ဒေါက်တာဘဒ္ဒန္တဓမ္မပိယ၊ ငါးကျမ်းပြန်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရန်ကုန်။
၇။ ဒေါက်တာဘဒ္ဒန္တပညိဿရာဘိဝံသ၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာ၊ ပဲခူးမြို့။
၈။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ဓမ္မဒူတဇေတဝန်တောရ၊ ရန်ကုန်။
၉။ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ (သမဏအာဇာနည်)၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရန်ကုန်။
၁၀။ ဘဒ္ဒန္တတေဇာနန္ဒ (အကျိုးတော်ဆောင်ချုပ်ဆရာတော်)၊ ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်။
၁၁။ ဘဒ္ဒန္တဓမ္မိက၊ နေသာပရဟိတ၊ ကလေးမြို့၊ စစ်ကိုင်း။
၁၂။ ဘဒ္ဒန္တထေရာသဘ (ကထိက)၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်။
၁၃။ ဘဒ္ဒန္တခေမာစာရ (သစ္စဝေဒဂူဆရာတော်)၊ ရေတံခွန်တောင်၊ မန္တလေး။
၁၄။ ဒေါက်တာဘဒ္ဒန္တအာသဘ (ရွှေဝါဝင်းကျောင်းဆရာတော်)၊ ရန်ကုန်။
၁၅။ ဒေါက်တာကေတု (ပါမောက္ခ)၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်။

၁၆။ ဘဒ္ဒန္တဇာဂရာဘိဝံသ (မဟာစည်နာယကဆရာတော်)၊ အင်းတကော်၊ ပဲခူး။
၁၇။ ဒေါက်တာဘဒ္ဒန္တနန္ဒက၊ နန္ဒကာရာမကျောင်း၊ ရန်ကုန်။
၁၈။ ဘဒ္ဒန္တပဏ္ဍိတ၊ ဩစတေးလျ။
၁၉။ ဘဒ္ဒန္တဒေဝိန္ဒာဘိဝံသ၊ မင်္ဂလာဒုံ၊ ရန်ကုန်။
၂၀။ ဘဒ္ဒန္တသုမင်္ဂလ (ဝေါဆရာတော်)၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။
၂၁။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏသိရီ (လက်ာ)၊ ဘီးလင်းပရိယတ္တိစာသင်တိုက်၊ ရန်ကုန်။
၂၂။ ဘဒ္ဒန္တပါကဋ္ဌာလင်္ကာရ၊ သာဓုကျောင်းတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
၂၃။ ဘဒ္ဒန္တဝိစိတ္တ (မနာပဒါယီဆရာတော်)၊ သီရိဇေယျကျောင်း၊ ရန်ကုန်။

## (ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၁။ ဘဒ္ဒန္တသာသနဝရ (ဥက္ကဋ္ဌဆရာတော်)၊ စိန်ရတနာဓမ္မာစရိယစာသင်တိုက်၊ ရန်ကုန်။
၂။ ဘဒ္ဒန္တဥတ္တရ (ဒု-ဥက္ကဋ္ဌ-၁)၊ မြိတ်ကျားကျောင်း၊ ဒဂုံ၊ ရန်ကုန်။
၃။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏသိရီ (မဇ္ဈိမဝံသ) (ဒု-ဥက္ကဋ္ဌ-၂)၊
သီရိမင်္ဂလာရွှေဘုံဦးကျောင်းတိုက်၊ ရန်ကုန်။
၄။ ဒေါက်တာဘဒ္ဒန္တကန္တာလင်္ကာရ (ဒု-ဥက္ကဋ္ဌ-၃)၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်၊ ရန်ကုန်။
၅။ ဘဒ္ဒန္တကုသလသာမိ (အတွင်းရေးမှူး)၊ ပျော်ဘွယ်၊ မန္တလေး။
၆။ ဒေါက်တာဘဒ္ဒန္တသောပါက (တွဲဖက်အတွင်းရေးမှူး-၁)၊ မင်္ဂလာဒုံ၊ ရန်ကုန်။
၇။ ဘဒ္ဒန္တမာဃဝ (တွဲဖက်အတွင်းရေးမှူး-၂)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊
ရန်ကုန်။
၈။ ဒေါ်ကေတုမာလာ (တွဲဖက်အတွင်းရေးမှူး-၃)၊ မော်လမြိုင်၊ မွန်ပြည်နယ်။
၉။ ဒေါ်ခေမာစာရီ (ဘဏ္ဍာရေးမှူး)၊ သမိဒ္ဓေါဒယသုခိတာရာမစာသင်တိုက်၊ ရန်ကုန်။
၁၀။ ဒေါက်တာထွန်းထွန်းဦး (တွဲဖက်ဘဏ္ဍာရေးမှူး-၁)၊ သာသနာ့ဗိုဟာအသင်း၊ ရန်ကုန်။
၁၁။ ဦးဇော်မိုးလွင် (တွဲဖက်ဘဏ္ဍာရေးမှူး-၂)၊ မြန်မာမီဒီယာစတား ပုံနှိပ်တိုက်၊ ရန်ကုန်။
၁၂။ ဒေါ်ယဉ်ယဉ်မော် (တွဲဖက်ဘဏ္ဍာရေးမှူး-၃)၊ ဗဟန်း၊ ရန်ကုန်။
၁၃။ ဦးစန်းလွင် (တွဲဖက်ဘဏ္ဍာရေးမှူး-၄)၊ စိန်ရတနာဓမ္မာစရိယစာသင်တိုက်။ ရန်ကုန်။
၁၄။ ဒေါ်အေးအေးလွင် (စာရင်းစစ်)၊ စမ်းချောင်း၊ ရန်ကုန်။
၁၅။ ဒေါ်ခင်ရွှေ (စာရင်းစစ်)၊ ရန်ကုန်။
၁၆။ ဒေါ်ခင်ခင်ဆွေ (စာရင်းစစ်)၊ ရန်ကုန်။
၁၇။ ဒေါ်သန္တာမင်း (စာရင်းစစ်)၊ ရန်ကုန်။

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)
# ဒုတိယအကြိမ် ကော်မတီစာရင်း (၂၀၁၄ – ၂၀၁၇)

## (က) ဩဝါဒါစရိယဆရာတော်ကြီးများ

၁။ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ)
၂။ ဘဒ္ဒန္တတိလောကာဘိဝံသ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်၊ ရန်ကုန်။
၃။ ဘဒ္ဒန္တသဒ္ဓိယ (ရွှေသုဝဏ်ဆရာတော်)၊ သဃ်န်းကျွန်း၊ ရန်ကုန်။
၄။ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋက ယောဆရာတော်)
မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ရန်ကုန်။
၅။ ဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်။

## (ခ) နာယကဆရာတော်များ

၁။ ဘဒ္ဒန္တပညာဝံသ၊ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ မုံရွာမြို့။
၂။ ဘဒ္ဒန္တနာယက (ဖောင်တော်ဦးဆရာတော်)၊ ဖောင်တော်ဦးကျောင်းတိုက်၊ မန္တလေး။
၃။ ဘဒ္ဒန္တဝိစိတ္တသာရ (လေးအိမ်စုဆရာတော်)၊ ကရင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်။
၄။ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ (ဒု-ပါမောက္ခချုပ်ဆရာတော်)၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်။
၅။ ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်)၊ ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်။
၆။ ဒေါက်တာဘဒ္ဒန္တဓမ္မပိယ၊ ငါးကျမ်းပြန် သာသနာ့ရိပ်သာကျောင်းတိုက်၊ ရန်ကုန်။
၇။ ဒေါက်တာ ဘဒ္ဒန္တပညိဿရာဘိဝံသ၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာ၊ ပဲခူးမြို့။
၈။ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ ဓမ္မဒူတဇေတဝန်တောရ၊ ရန်ကုန်။
၉။ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ (သမဏအာဇာနည်)၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရန်ကုန်။
၁၀။ ဘဒ္ဒန္တထေရာသဘ (ကထိက)၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်။

## (ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၁။ ဘဒ္ဒန္တသာသနဝရ (ဥက္ကဋ္ဌဆရာတော်)၊ စိန်ရတနာဓမ္မာစရိယစာသင်တိုက်၊ ရန်ကုန်။
၂။ ဘဒ္ဒန္တဥတ္တရ (ဒု-ဥက္ကဋ္ဌ-၁)၊ မြိတ်ကျားကျောင်း၊ ဒဂုံ၊ ရန်ကုန်။
၃။ ဒေါက်တာအရှင်ဉာဏိန္ဒ (ဒု-ဥက္ကဋ္ဌ-၂)၊ မင်းကျောင်းစာသင်တိုက်၊ သန်လျင်မြို့။

၄။ ဒေါက်တာအရှင်ဉာဏဝံသ (အတွင်းရေးမှူး-၁)၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၅။ အရှင်မာနိတ (အတွင်းရေးမှူး-၂)၊ ငါးထပ်ကြီးစာသင်တိုက်၊ ဗဟန်း၊ ရန်ကုန်။
၆။ အရှင်ရာဇိန္ဒာလင်္ကာရ (တွဲဖက်အတွင်းရေးမှူး-၁)၊ သရက်တောတိုက်၊ ရန်ကုန်။
၇။ အရှင်ဥတ္တမသာရ (တွဲဖက်အတွင်းရေးမှူး-၂)၊ ဖောင်တော်ဦးကျောင်းတိုက်၊ မန္တလေး။
၈။ ဒေါ်ခေမာစာရီ (ဘဏ္ဍာရေးမှူး)၊ သမိဒ္ဓေါဒယသုခိတာရာမစာသင်တိုက်၊ ရန်ကုန်။
၉။ ဒေါ်တင်ဇာလင်းထက် (တွဲဖက်ဘဏ္ဍာရေးမှူး)၊ ကမာရွတ်၊ ရန်ကုန်။
၁၀။ ဦးကျော်ကျော် (စာရင်းစစ်)၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
၁၁။ ဒေါ်တင်အုန်းဆင့် (တွဲဖက်စာရင်းစစ်)၊ ပန်းဘဲတန်း၊ ရန်ကုန်။

## (ဃ) အမှုဆောင်အဖွဲ့ဝင်များ

၁။ ဘဒ္ဒန္တဇာဂရာဘိဝံသ (မဟာစည်နာယကဆရာတော်)၊ အင်းတကော်၊ ပဲခူး။
၂။ ဒေါက်တာဘဒ္ဒန္တနန္ဒက၊ နန္ဒကာရာမကျောင်း၊ ရန်ကုန်။
၃။ ဒေါက်တာဘဒ္ဒန္တအာသဘ (ရွှေဝါဝင်းကျောင်းဆရာတော်)၊ တောင်ဒဂုံ၊ ရန်ကုန်။
၄။ ဦးမာဃဝ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်။
၅။ ဘဒ္ဒန္တသုမင်္ဂလ (ဝေါဆရာတော်)၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။
၆။ ဘဒ္ဒန္တဒေဝိန္ဒာဘိဝံသ၊ မင်္ဂလာဒုံ၊ ရန်ကုန်။
၇။ ဒေါက်တာဘဒ္ဒန္တကုန္ဒာလင်္ကာရ၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်၊ ရန်ကုန်။
၈။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏသိရီ (လင်္ကာ)၊ ဘီးလင်းပရိယတ္တိစာသင်တိုက်၊ ရန်ကုန်။
၉။ ဒေါက်တာဘဒ္ဒန္တဉာဏုတ္တရ၊ တောင်ဥက္ကလာပ၊ ရန်ကုန်။
၁၀။ ဒေါက်တာဘဒ္ဒန္တသောပါက၊ မင်္ဂလာဒုံ၊ ရန်ကုန်။
၁၁။ ဘဒ္ဒန္တဝိစိတ္တ (မနာပဒါယီဆရာတော်)၊ သီရိဇေယျကျောင်း၊ ဒဂုံ၊ ရန်ကုန်။
၁၂။ ဦးရာဟုလာ၊ ဗုဒ္ဓတက္ကသိုလ်၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
၁၃။ ဒေါက်တာဦးထွန်းထွန်းဦး၊ သာသနာ့နုဂ္ဂဟအသင်း၊ ရန်ကုန်။
၁၄။ ဦးဇော်မိုးလွင်၊ မြန်မာမီဒီယာစတား ပုံနှိပ်တိုက်၊ ရန်ကုန်။
၁၅။ ဦးစန်းလွင်၊ စိန်ရတနာဓမ္မာစရိယစာသင်တိုက်၊ ရန်ကုန်။
၁၆။ ဒေါ်ယဉ်ယဉ်မော်၊ ဗဟန်း၊ ရန်ကုန်။
၁၇။ ဦးစိုးသိန်း၊ ရန်ကုန်။
၁၈။ ဦးတင်ဝင်း၊ မရမ်းကုန်း၊ ရန်ကုန်။
၁၉။ ဦးလှမျိုး၊ ဓမ္မရောင်ခြည်ဓမ္မဒါနဖောင်ဒေးရှင်း၊ ပန်းဘဲတန်း၊ ရန်ကုန်။
၂၀။ ဦးစိန်သန်း (YMBA)၊ ရန်ကုန်။
၂၁။ ဦးကျော်စွာ၊ ဓမ္မအလင်းဖောင်ဒေးရှင်း၊ ရန်ကုန်။
၂၂။ ဒေါ်ကြည်ကြည်အေး၊ လမ်းမတော်၊ ရန်ကုန်။

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)
# တတိယအကြိမ် ကော်မတီစာရင်း (၂၀၁၇–ခုနှစ်၊ မေလ)

## (က) ဩဝါဒါစရိယဆရာတော်ကြီးများ

၁။ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့။
၂။ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌဆရာတော်)၊
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။
၃။ ဘဒ္ဒန္တတိလောကာဘိဝံသ (ရွာမဆရာတော်)၊ အင်းစိန်၊ ရန်ကုန်မြို့။
၄။ ဘဒ္ဒန္တသဒ္ဓိယ (ရွှေသုဝဏ်ဆရာတော်)၊ သဃ်န်းကျွန်း၊ ရန်ကုန်။
၅။ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)၊ အပြည်ပြည်ဆိုင်ရာ
ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်။
၆။ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋက ယောဆရာတော်)၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊
ရန်ကုန်။
၇။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်
ဆရာတော်)၊ မင်းကျောင်း၊ သန်လျင်မြို့၊ ရန်ကုန်။
၈။ ဒေါက်တာဘဒ္ဒန္တကုမာရ (ပါမောက္ခချုပ်ဆရာတော်)၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်။
၉။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတာဝရာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး။

## (ခ) ဂုဏ်ထူးဆောင်နာယက

၁။ ဘဒ္ဒန္တသာသနဝရ၊ စိန်ရတနာ ဓမ္မာစရိယ စာသင်တိုက်၊ အိမ်တော်ရာ၊ ရန်ကုန်။

## (ဂ) နာယကဆရာတော်များ

၁။ ဘဒ္ဒန္တဝိစိတ္တသာရ (လေးအိမ်စုဆရာတော်)၊ ကရင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်။
၂။ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ (ဒု-ပါမောက္ခချုပ်ဆရာတော်)၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်။
၃။ ဒေါက်တာဘဒ္ဒန္တဓမ္မပိယ၊ ငါးကျမ်းပြန်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရန်ကုန်။
၄။ ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်)၊ ညောင်တုန်းကျောင်းတိုက်၊ ရန်ကုန်။

၅။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်း၊ ရန်ကုန်။
၆။ ဒေါက်တာဘဒ္ဒန္တပညိဿရာဘိဝံသ၊ ဓမ္မဒူတတောရ သာသနာ့ရိပ်သာ၊ ပဲခူးမြို့။
၇။ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ (အောက်စ်ဖို့ဒ်ဆရာတော်)
၈။ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (ရွှေစင်တိပိဋကဆရာတော်)၊ မင်းကွန်း၊ စစ်ကိုင်း။
၉။ ဘဒ္ဒန္တအဘိဇာတာဘိဝံသ (တိပိဋကဆရာတော်)၊ မဟာသုဗောဓာရုံကျောင်း၊ စစ်ကိုင်း။
၁၀။ ဘဒ္ဒန္တဇာဂရာဘိဝံသ (မဟာစည်နာယကဆရာတော်)၊ အင်းတကော်၊ ပဲခူး။
၁၁။ ဘဒ္ဒန္တသုဇာတ (မေတ္တာအေးဆရာတော်)၊ သဃ်န်းကျွန်း၊ ရန်ကုန်။
၁၂။ ဒေါက်တာဘဒ္ဒန္တထေရာသဘ (တွံ့ဖက်ပါမောက္ခဆရာတော်)၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်။
၁၃။ ဒေါက်တာဘဒ္ဒန္တကုန္ဒာလင်္ကာရ၊ ကျိုက်သီမွန်ပရိယတ္တိစာသင်တိုက်၊ ဗဟန်း၊ ရန်ကုန်။
၁၄။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏသိရီ (လင်္ကာ)၊ ဘီလင်းပရိယတ္တိစာသင်တိုက်၊ ရန်ကုန်။
၁၅။ ဘဒ္ဒန္တဝိစိတ္တ (မနာပဒါယီဆရာတော်)၊ သီရိဇေယျကျောင်း၊ ရန်ကုန်။

## (ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၁။ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ (ဥက္ကဋ္ဌဆရာတော်)၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ရန်ကုန်။
၂။ ဘဒ္ဒန္တဥတ္တရ (ဒုတိယဥက္ကဋ္ဌဆရာတော်)၊ မြိတ်ကျားကျောင်း၊ ဒဂုံ၊ ရန်ကုန်။
၃။ ဒေါက်တာအရှင်ဉာဏဝံသ (အတွင်းရေးမှူး (၁) ဆရာတော်)၊ တန့်ဆည်၊ စစ်ကိုင်းတိုင်း။
၄။ အရှင်မာနိတ (အတွင်းရေးမှူး (၂) ဆရာတော်)၊ ငါးထပ်ကြီးစာသင်တိုက်၊ ဗဟန်း၊ ရန်ကုန်။
၅။ ဒေါက်တာအရှင်ကိတ္တိသာရ (အတွင်းရေးမှူး (၃) ဆရာတော်)၊ စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်။

## (င) အမှုဆောင်အဖွဲ့ဝင်

၁။ ဒေါက်တာဘဒ္ဒန္တနန္ဒက၊ နန္ဒကာရာမကျောင်း၊ ရန်ကုန်။
၂။ ဘဒ္ဒန္တသုမင်္ဂလ (ဝေါဆရာတော်)၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။
၃။ ဘဒ္ဒန္တနာယက၊ သာသနာ့မာရ်အောင်ကျောင်း၊ အိမ်တော်ရာဘုရားဝင်း၊ ဒဂုံ၊ ရန်ကုန်။
၄။ ဘဒ္ဒန္တတေဇောဘာသ၊ မတ္တရာကျောင်း၊ အိမ်တော်ရာဘုရားဝင်း၊ ဒဂုံ၊ ရန်ကုန်။

၅။ ဘဒ္ဒန္တဝဇိရပါဏိဘိဝံသ၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်၊ ဗဟန်း၊ ရန်ကုန်။
၆။ ဒေါက်တာဘဒ္ဒန္တဉာဏိန္ဒ၊ ရွှေသိမ်ဦးကျောင်း၊ ရန်ကုန်။
၇။ ဒေါက်တာဘဒ္ဒန္တစန္ဒောဘာသ၊ ဓမ္မဇေရာဝတီကျောင်း၊ ထန်းတပင်၊ ရန်ကုန်။
၈။ ဘဒ္ဒန္တကောဝိဒ (ယော)၊ သာသနာ့ပါရဂူကျောင်း၊ ကမာရွတ်၊ ရန်ကုန်။
၉။ ဘဒ္ဒန္တဥတ္တမသာရ၊ ဖောင်တော်ဦးကျောင်းတိုက်၊ မန္တလေး။
၁၀။ ဘဒ္ဒန္တရေဝတ (သာသနာ့ပျိုးခင်း)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်။
၁၁။ ဘဒ္ဒန္တဓမ္မိက၊ ဝိမလာရာမထားဝယ်ကျောင်းတိုက်၊ မြောက်ဒဂုံ၊ ရန်ကုန်။
၁၂။ ဒေါ်ဓမ္မစာရီ (ဘဂိနီ)၊ သထုံ၊ မွန်ပြည်နယ်။
၁၃။ ဒေါ်ပဋိဘာနဉာဏီ၊ သမိဒ္ဓေါဒယ သုခိတာရာမ စာသင်တိုက်၊ စမ်းချောင်း၊ ရန်ကုန်။
၁၄။ ဒေါက်တာဦးထွန်းထွန်းဦး၊ သာသနာ့နုဂ္ဂဟအသင်း၊ ရန်ကုန်။
၁၅။ ဒေါက်တာဦးလှမြင့်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်။
၁၆။ ဦးခင်လှိုင်၊ ဇောတိကသက်န်းတိုက်၊ ဗဟန်း၊ ရန်ကုန်။
၁၇။ ဦးညွန့်စိန်၊ ဝိမုတ္တိသုခကျောင်း၊ ခြောက်ထပ်ကြီး၊ ဗဟန်း၊ ရန်ကုန်။
၁၈။ ဦးဇော်မိုးလွင်၊ မြန်မာမီဒီယာစတား ပုံနှိပ်တိုက်၊ ရန်ကုန်။
၁၉။ ဦးမောင်မောင်လှ၊ ရွှေနိုင်ငံပုံနှိပ်တိုက်၊ ရန်ကုန်။
၂၀။ ဦးအောင်မျိုးဦး၊ နေပြည်တော်။
၂၁။ ဦးတင်ဝင်း၊ ရန်ကုန်။
၂၂။ ဦးဝင်းဆွေ၊ ရှိုင်းဟုပ်၊ ရန်ကုန်။
၂၃။ ဦးမျိုးဆက်ဦး၊ ရှိုင်းဟုပ်၊ ရန်ကုန်။
၂၄။ ဒေါက်တာဒေါ်ခင်ခင်ရီ၊ ရှိုင်းဟုပ်၊ ရန်ကုန်။
၂၅။ ဒေါ်ဝင်းကလျာဆွေ၊ နှစ်သစ်ဦးပုံနှိပ်တိုက်၊ ရန်ကုန်။
၂၆။ ဒေါ်ခင်အေးမော်၊ ဂုဏ်သီရိပုံနှိပ်တိုက်၊ ရန်ကုန်။
၂၇။ ဒေါ်ယဉ်ယဉ်မော်၊ ဗဟန်း၊ ရန်ကုန်။
၂၈။ ဒေါ်တင်ဇာလင်းထက်၊ ကမာရွတ်၊ ရန်ကုန်။
၂၉။ ဒေါ်ကြည်ကြည်အေး၊ လမ်းမတော်၊ ရန်ကုန်။

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ၏ လုပ်ငန်းစဉ်များ

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် အနာဂတ်မျှော်မှန်းချက်၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လွယ်ကူစေရန် အောက်ပါဌာနကြီးများဖြင့် လုပ်ငန်းစဉ်ခွဲဝေထားပါသည်။ ၎င်းတို့မှာ (က) စီမံခန့်ခွဲရေးဌာန (ခ) ပညာရေးဌာန (ဂ) ဘဏ္ဍာရေးဌာနတို့ ဖြစ်ပါသည်။

## စီမံခန့်ခွဲရေးဌာန လုပ်ငန်းစဉ်မိတ်ဆက်

စီမံခန့်ခွဲရေးဌာနတွင် (၁) အထွေထွေစီမံရေးရာဌာန၊ (၂) ဝန်ထမ်းရေးရာဌာန၊ (၃) သိုလှောင်ရုံဌာန၊ (၄) ပုံနှိပ်ထုတ်ဝေရေးဌာနတို့ ပါဝင်သည်။

အထွေထွေစီမံရေးရာဌာနသည် အလုပ်အမှုဆောင်အစည်းအဝေးများ စီစဉ်ဆောင်ရွက် မှတ်တမ်းတင်ခြင်း၊ ပုံသေပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ သင်ရိုးညွှန်းတမ်းနှင့် ဆက်စပ်ပစ္စည်းများ မှာယူပေးခြင်း၊ ပေးဆောင်ရန် တာဝန်ရှိသည်များ ပေးဆောင်ခြင်း၊ ကြေညာချက်များထုတ်ပြန်ခြင်းနှင့် လုပ်ငန်းများ အထမြောက်စေရန် အခြားဌာနများနှင့် ချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

ဝန်ထမ်းရေးရာဌာနသည် ဖောင်ဒေးရှင်းတွင် လိုအပ်သော ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ခြင်း၊ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၏ လုပ်ငန်းဖော်ဆောင်နေမှုကို ကြီးကြပ်ခြင်း၊ ဝန်ထမ်းစွမ်းရည်မြှင့်သင်တန်း ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

သိုလှောင်ရုံဌာနသည် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ သင်ထောက်ကူများ၊ ဆက်စပ်ပစ္စည်းများ သိုလှောင်ရုံတွင် စနစ်တကျ ထိန်းသိမ်းခြင်း၊ ဆရာဖြစ်သင်တန်း ဖွင့်လှစ်မည့် နေရာသို့ သင်တန်းသုံးပစ္စည်းများ ပို့ဆောင်ခြင်း၊ မြန်မာနိုင်ငံအနှံ့အပြားမှ မှာယူသော ပစ္စည်းများ မှန်ကန်စွာရောက်ရှိရေးများကို ဆောင်ရွက်ပါသည်။

ပုံနှိပ်ထုတ်ဝေရေးဌာနသည် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ သင်ထောက်ကူများ၊ ဂျာနယ်များကို ပုံနှိပ်ရန် ဆောင်ရွက်ခြင်း၊ ပုံနှိပ်အရည်အသွေး စစ်ဆေးရေးအဖွဲ့သို့ တင်ပြအကြံဉာဏ်ရယူခြင်း၊ ရောက်ရှိလာသော ပစ္စည်းများကို ထိုစစ်ဆေးရေးအဖွဲ့နှင့် ပူးတွဲစစ်ဆေးခြင်း၊ ကျောင်းများမှ လိုအပ်သော ဓမ္မစကူးလ်ဆက်စပ်ပစ္စည်းတို့ကို ပြုလုပ်ဆောင်ရွက်ပါသည်။

**သင်ရိုးညွှန်းတမ်းစာအုပ်များ ဖြန့်ချိထားမှု အခြေအနေ**

| စဉ် | စာအုပ်အမျိုးအမည် | အရေအတွက် | ရက်စွဲ |
|---|---|---|---|
| ၁ | ပထမတန်း ဆရာလမ်းညွှန် | ၅၃၉၃၈ | ၂၀၁၄ မှ ၂၀၁၈ |
| ၂ | ဒုတိယတန်း ဆရာလမ်းညွှန် | ၄၀၇၇၉ | ။ |
| ၃ | တတိယတန်း ဆရာလမ်းညွှန် | ၅၂၈၂၀ | ။ |
| ၄ | စတုတ္ထတန်း ဆရာလမ်းညွှန် | ၅၀၅၆၃ | ။ |
| ၅ | ပဉ္စမတန်း ဆရာလမ်းညွှန် | ၄၃၈၅၁ | ၂၀၁၅ မှ ၂၀၁၈ |
| ၆ | ဆဋ္ဌမတန်း ဆရာလမ်းညွှန် | ၁၂၈၄၃ | ၂၀၁၆ မှ ၂၀၁၈ |
| ၇ | သတ္တမတန်း ဆရာလမ်းညွှန် | ၁၁၄၃၃ | ။ |
| ၈ | အဋ္ဌမတန်း ဆရာလမ်းညွှန် | ၃၁၉၆ | ၂၀၁၈ |
| ၉ | သူငယ်တန်း ဆရာလမ်းညွှန် | ၂၀၇၀ | ။ |
| ၁၀ | ပထမတန်း ကျောင်းသားကိုင် | ၃၂၁၆၇၉ | ၂၀၁၄ မှ ၂၀၁၈ |
| ၁၁ | ဒုတိယတန်း ကျောင်းသားကိုင် | ၃၀၄၀၈၉ | ။ |
| ၁၂ | တတိယတန်း ကျောင်းသားကိုင် | ၂၉၇၅၀၉ | ။ |
| ၁၃ | စတုတ္ထတန်း ကျောင်းသားကိုင် | ၂၇၅၀၇၆ | ။ |
| ၁၄ | ပဉ္စမတန်း ကျောင်းသားကိုင် | ၂၇၁၄၇၉ | ။ |
| ၁၅ | ဆဋ္ဌမတန်း ကျောင်းသားကိုင် | ၁၂၈၇၆၂ | ၂၀၁၅ မှ ၂၀၁၈ |
| ၁၆ | သတ္တမတန်း ကျောင်းသားကိုင် | ၈၃၀၁၉ | ၂၀၁၆ မှ ၂၀၁၈ |
| ၁၇ | အဋ္ဌမတန်း ကျောင်းသားကိုင် | ၂၉၄၉၈ | ၂၀၁၈ |

**သင်ထောက်ကူပစ္စည်းများ ထုတ်ဝေထားမှု အခြေအနေ**

**ဖြတ်ဆက်ဗူး**

| စဉ် | သင်ခန်းစာ အကြောင်းအရာ | အရေအတွက် | ရက်စွဲ |
|---|---|---|---|
| ၁ | ညောင်ရေသွန်းပွဲတော် (G – 1) စိမ်း | ၁၃၀၀၀ | ၂၀၁၃ မှ ၂၀၁၈ အထိ |
| ၂ | ကိုရင်လေးတိဿ (G – 2) နီ | ။ | ။ |
| ၃ | ဘုရားအလောင်းတော် ငယ်စဉ်ဘဝ (G – 2) ပြာ | ။ | ။ |
| ၄ | ကိုရင်လေးသုမန (G – 2) ဝါ | ။ | ။ |

**ရောင်စုံကတ်ပြားများ**

| စဉ် | သင်ခန်းစာ အကြောင်းအရာ | အရေအတွက် | ရက်စွဲ |
|---|---|---|---|
| ၁ | G – 1 သင်ခန်းစာ | ၁၇၅၀၀ | ၂၀၁၃ မှ ၂၀၁၈ အထိ |
| ၂ | G – 2 သင်ခန်းစာ | ။ | ။ |
| ၃ | G – 3 သင်ခန်းစာ | ။ | ။ |

**ဆေးရောင်ခြယ်စာအုပ်**

| စဉ် | သင်ခန်းစာ အကြောင်းအရာ | အရေအတွက် | ရက်စွဲ |
|---|---|---|---|
| ၁ | G – 1 သင်ခန်းစာ | ၄၁၅၀၀ | ၂၀၁၃ မှ ၂၀၁၈ အထိ |
| ၂ | G – 2 သင်ခန်းစာ | ။ | ။ |
| ၃ | G – 3 သင်ခန်းစာ | ။ | ။ |
| ၄ | KG သင်ထောက်ကူ | ၅၀၀၀ | ၂၀၁၈ |

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) ဓမ္မစကူးလ်ဂျာနယ် ထုတ်ဝေမှု အခြေအနေ

| စဉ် | အကြောင်းအရာ | အုပ်ရေ | ထုတ်ဝေသည့် ရက်စွဲ |
|---|---|---|---|
| ၁။ | အတွဲ-၁၊ အမှတ်-၁ | ၅၀၀၀ | ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ |
| ၂။ | အတွဲ-၁၊ အမှတ်-၂ | ၁၀၀၀၀ | ၂၀၁၇ခုနှစ်၊ မတ်လ |
| ၃။ | အတွဲ-၁၊ အမှတ်-၃ | ၁၀၀၀၀ | ၂၀၁၇ခုနှစ်၊ ဧပြီလ |
| ၄။ | အတွဲ-၁၊ အမှတ်-၄ | ၁၀၀၀၀ | ၂၀၁၇ခုနှစ်၊ ဇွန်လ |
| ၅။ | အတွဲ-၁၊ အမှတ်-၅ | ၁၀၀၀၀ | ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ |
| ၆။ | အတွဲ-၁၊ အမှတ်-၆ | ၁၀၀၀၀ | ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ |
| ၇။ | အတွဲ-၂၊ အမှတ်-၁ | ၅၀၀၀ | ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ |
| ၈။ | အတွဲ-၂၊ အမှတ်-၂ | ၅၀၀၀ | ၂၀၁၈ခုနှစ်၊ ဧပြီလ |
| ၉။ | အတွဲ-၂၊ အမှတ်-၃ | ၅၀၀၀ | ၂၀၁၈ခုနှစ်၊ ဇွန်လ |
| ၁၀။ | အတွဲ-၂၊ အမှတ်-၄ | ၅၀၀၀ | ၂၀၁၈ခုနှစ်၊ ဩဂုတ်လ |
| ၁၁။ | အတွဲ-၂၊ အမှတ်-၅ | ၅၀၀၀ | ၂၀၁၈ ခုနှစ်၊အောက်တိုဘာလ |
| ၁၂။ | အတွဲ-၂၊ အမှတ်-၆ | ၄၀၀၀ | ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ |

### ဓမ္မစကူးလ်ဂျာနယ်အတွက် စာမူများ ဖိတ်ခေါ်ခြင်း

ဓမ္မစကူးလ်ဂျာနယ်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ထုတ်ဝေနေပြီဖြစ်ပါ၍ စာပေဝါသနာရှင်များနှင့် ဓမ္မစကူးလ်လုပ်ငန်း ဆောင်ရွက်နေကြသူများအနေဖြင့် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် အကြောင်းအရာများ၊ ဓမ္မစကူးလ်ဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်သည့် ကဗျာ၊ ဆောင်းပါး၊ ဂဏ္ဍ၊ ပုံပြင်၊ ကာတွန်း။ သတင်းများကို -

(က) "ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်များနှင့်အညီ သင်ကြားပို့ချရေး၊

(ခ) မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) အခြားသောပုဂ္ဂိုလ်ကို ဖြစ်စေ၊ ဘာသာကို ဖြစ်စေ၊ အဖွဲ့အစည်းကို ဖြစ်စေ မထိခိုက်ရေး၊

(ဃ) ပါတီနိုင်ငံရေး ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်ရေး" ဟူသော ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ မူဝါဒ (၄)ရပ်နှင့်အညီ ရေးသားပေးပို့နိုင်ကြပါသည်။

ဓမ္မစကူးလ်လုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် ဓမ္မစကူးလ်လှုပ်ရှားမှု ဓာတ်ပုံများကိုလည်း အကြောင်းအရာနှင့်တကွ ပေးပို့နိုင်ကြပါသည်။

စာရေးသူ၏ အမည်ရင်း၊ ကလောင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ E-mail တို့ကို အပြည့်အစုံ ထည့်သွင်းပေးကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

ပေးပို့ရန် -
မြိတ်ကျားကျောင်း၊ အိမ်တော်ရာဘုရားဝင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
E-mail: dhammaschoolfoundation.2012@gmail.com
Ph/ Viber: ၀၉ - ၇၈၁၂၈၅၃၁၉ယ ၀၉ - ၂၅၀၃၆၄၅၇၃

## ခမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) စုံညီပွဲတော်များ

ခမ္မစကူးလ်ဖောင်ဒေးရှင်းကို သာသနာတော်နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃ - ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇) ရက်၊ ခရစ်နှစ် ၂၀၁၂ - ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ စတင်တည်ထောင်ပြီးနောက် ပထမအကြိမ် သုံးလပတ် အဖွဲ့ဝင်စုံညီအစည်းအဝေးကို ၂၀၁၃ - ခုနှစ်၊ ဇွန်လ (၉) ရက်နေ့၊ ဒုတိယအကြိမ် အဖွဲ့ဝင်စုံညီအစည်းအဝေးကို ၂၀၁၃ - ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့နှင့် တတိယအကြိမ် အဖွဲ့ဝင်စုံညီအစည်းအဝေးကို ၂၀၁၃ - ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုစင်တာ၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပြုလုပ်ခဲ့ပါသည်။ ထိုအချိန်က စုံညီအစည်းအဝေးများကို လပတ်အဖွဲ့ဝင် စုံညီအစည်းအဝေးဟူသော အမည်ဖြင့် အသုံးပြုခဲ့ပါသည်။

(၁) နှစ်ပြည့် နှစ်ပတ်လည် စုံညီအစည်းအဝေး အခမ်းအနားကို ၂၀၁၃ - ခုနှစ်၊ မတ်လ (၁၄) ရက် ကြာသပတေးနေ့တွင် စိန်ရတနာခမ္မာစရိယစာသင်တိုက်၊ အိမ်တော်ရာ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ခမ္မစကူးလ် မိသားစုအင်အား (၂၀၀) ကျော်ဖြင့် ကျင်းပခဲ့ပါသည်။

(၂) နှစ်ပြည့် နှစ်ပတ်လည် စုံညီပွဲတော်ကြီးကို ၂၀၁၄ - ခုနှစ်၊ မေလ (၁) ရက်နေ့တွင် MCC ခန်းမ၊ မင်းခမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ခမ္မစကူးလ် မိသားစု အဖွဲ့ဝင်အင်အား သုံးထောင်ခန့်ဖြင့် ကျင်းပခဲ့ပါသည်။

(၃) နှစ်ပြည့် နှစ်ပတ်လည် စုံညီပွဲတော်ကြီးကို ၂၀၁၅ - ခုနှစ်၊ မေလ (၁၀၊ ၁၁) ရက်နေ့များတွင် ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲကို ဆရာ၊ ဆရာမအင်အား ရှစ်ရာခန့်ဖြင့်လည်းကောင်း၊ ဒုတိယနေ့ စုံညီပွဲတော်ကြီးကို ပရိသတ် ငါးထောင်ခန့် ဖြင့်လည်းကောင်း MCC ခန်းမ၌ပင် ကျင်းပခဲ့ပါသည်။

(၄) နှစ်ပြည့် နှစ်ပတ်လည်စုံညီပွဲတော်ကြီးကို ၂၀၁၆ - ခုနှစ်၊ မေလ (၁၄၊ ၁၅) ရက်နေ့များတွင် ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲနှင့် ဒုတိယနေ့ နှစ်ပတ်လည် စုံညီစည်းဝေးပွဲကို ပရိသတ် တစ်သောင်းခန့်ဖြင့် MCC ခန်းမ၌ပင် ကျင်းပခဲ့ပါသည်။

(၅) နှစ်ပြည့် နှစ်ပတ်လည် စုံညီပွဲတော်ကြီးကို ၂၀၁၈ - ခုနှစ်၊ ဇန်နဝါရီလ (၆၊ ၇) ရက် စနေ၊ တနင်္ဂနွေနေ့များတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ၊ ရန်ကုန်တိုင်းဒေသကြီး၌ ပထမနေ့ အလုပ်ရုံဆွေးနွေးပွဲနှင့် ဒုတိယနေ့ နှစ်ပတ်လည်စုံညီစည်းဝေးပွဲကို ပရိသတ် တစ်သောင်းကျော်ဖြင့် ကျင်းပခဲ့ပါသည်။

## ပညာရေးဌာန

ပညာရေးဌာနတွင် (က) သင်ရိုးညွှန်တမ်းရေးဆွဲရေးဌာန၊ (ခ) လေ့ကျင့်သင်ကြားရေးဌာန၊ (ဂ) လေ့လာကြီးကြပ်ရေးဌာနတို့ ပါဝင်သည်။

## သင်ရိုးညွှန်းတမ်းရေးဆွဲရေးဌာန မိတ်ဆက်

❖ သင်ရိုးညွှန်တမ်းရေးဆွဲရေးဌာနသည် ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်းစာအုပ်၌ အတန်းစဉ်အလိုက် မည်သည့်ကဏ္ဍများနှင့် သင်ခန်းစာများ ထည့်သွင်းရမည်ကို ပရိယတ္တိပညာရှင်များနှင့် နည်းပညာရှင်များက အကြိမ်ကြိမ်စုပေါင်းစည်းဝေးတိုင်ပင်၍ ပုံဖော်လုပ်ဆောင်ခြင်း၊

❖ မူကြမ်းထွက်လာသည့် မာတိကာများကို ပရိယတ္တိပညာရှင်များက အသီးအသီးတာဝန်ခွဲယူပြီး သင်ခန်းစာ ရေးသား၍ ပြင်ဆင်ဖြည့်စွက် လုပ်ဆောင်ခြင်း၊

❖ သင်ခန်းစာများ ရေးသားပြီးလျှင် ပရိယတ္တိပညာရှင်များကို တစ်လ (လေးကြိမ်နှုန်း) အစည်းအဝေးခေါ်ယူ၍ ပြင်ဆင်တည်းဖြတ်ခြင်း၊ အတည်ပြုခြင်း၊

❖ အတည်ပြုထားသော အကြောင်းအရာများကို ရုံးအဖွဲ့မှ ထိန်းသိမ်းထားပြီး နည်းပညာရှင်အဖွဲ့က သင်ခန်းစာ၏ ရည်ရွယ်ချက်အတိုင်း သင်ခန်းစာအစီအစဉ် (Lesson Plan) များ ရေးဆွဲခြင်း၊

❖ သင်ခန်းစာတွင် ထည့်သွင်းရေးဆွဲရမည့် ပုံများအတွက် ပန်းချီဆရာ၊ ဒီဇိုင်းဆရာတို့နှင့် တိုင်ပင်၍ ဒီဇိုင်းထိုင်ခြင်း၊

❖ သင်ခန်းစာများတွင် ပါဝင်သော တေးကဗျာများအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ အသံသွင်းခြင်းအထိ ဆောင်ရွက်ခြင်း၊

❖ အတည်ပြုထားသည့် သင်ခန်းစာများကို ပရိယတ္တိပညာရှင်များနှင့် နည်းပညာရှင်များအထံသို့ မူကြမ်းစာအုပ်ကို E-Mail ဖြင့်ဖြစ်စေ၊ ပရင့်ထုတ်၍ဖြစ်စေ ပို့ပေး၍ ထပ်မံတည်းဖြတ် အတည်ပြု ပြင်ဆင်ခြင်း၊ နောက်ဆုံးအဆင့်တွင် စာအုပ်ထုတ်ဝေနိုင်ရန်အတွက် စီမံရေးရာဌာနသို့ လွှဲအပ်ခြင်း၊

❖ ထွက်ရှိပြီး သင်ရိုးညွှန်းတမ်းများတွင် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်လာပါက ညှိနှိုင်းဆောင်ရွက်ခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ရပါသည်။

## သင်ရိုးညွှန်းတမ်းကဏ္ဍကြီးများနှင့် မာတိကာများ

မူလတန်း သင်ရိုးညွှန်းတမ်းများကို ရတနာသုံးပါးကဏ္ဍ၊ ဗုဒ္ဓဝင်ကဏ္ဍ၊ မင်္ဂလာတရားတော်ကဏ္ဍ၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘာသာရေးလုပ်ငန်းစဉ်များကဏ္ဍ၊ ဗုဒ္ဓဘာသာသမိုင်း၊ ပုဂ္ဂိုလ်ထူးများနှင့် နေ့ထူးနေ့မြတ်များကဏ္ဍ၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူမှုရေးကျင့်ဝတ်များ ကဏ္ဍဟူသော ကဏ္ဍ (၆) ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။

| ပထမတန်း | |
|---|---|
| ၁။ ဓမ္မစကူးလ်သွားကြမယ် | ၂၁။ ကူညီတတ်သော ခွေးလိမ္မာ |
| ၂။ ဘုရားအလောင်း ဖွားမြင်တော်မူခြင်း | ၂၂။ အလှူရှင်လေးများ |
| ၃။ ဘုရားအလောင်း ငယ်စဉ်ဘဝ | ၂၃။ ရိုရိုသေသေ လှူဒါန်းမယ် |
| ၄။ ဘုရားအလောင်း တောထွက်တော်မူခြင်း | ၂၄။ မှန်မှန်ကန်ကန် ပြောဆိုပါ |
| ၅။ ဘုရားဖြစ်တော်မူခြင်း | ၂၅။ ချိုချိုသာသာ ပြောကြမယ် |
| ၆။ ဘုရားရှိခိုးကြမယ် | ၂၆။ သိမ်သိမ်မွေ့မွေ့ ပြုမူမယ် |
| ၇။ ဘုရားဖူးသွားကြစို့ | ၂၇။ လိမ္မာယဉ်ကျေးသော ကလေးများ |
| ၈။ မေတ္တာပို့သခြင်း | ၂၈။ ယဉ်ယဉ်ကျေးကျေး စားသောက်မယ် |
| ၉။ မင်္ဂလာရှိအောင် နေကြမယ် | ၂၉။ တစ်ကိုယ်ရေ သန့်ရှင်းရေး |
| ၁၀။ ကြည်ညိုဖွယ်ရာ မြတ်သံဃာ | ၃၀။ သူငယ်ချင်းကောင်း |
| ၁၁။ ကိုရင်လေးရာဟုလာ | ၃၁။ ချစ်ချစ်ခင်ခင် နေကြမယ် |
| ၁၂။ ဘုန်းကြီးကျောင်း သွားကြမယ် | ၃၂။ သူရဲကောင်း ငါးကလေးများ |
| ၁၃။ ပတ်ဝန်းကျင် သန့်ရှင်းရေး | ၃၃။ စိတ်ကောင်းထားကြမယ် |
| ၁၄။ ဝိသာခါလေး | ၃၄။ မြေခွေးနှင့် ပေါင်းသင်းမိသော ခြသေ့ |
| ၁၅။ ဇနကမင်းသားလေး | ၃၅။ တိရစ္ဆာန်လေးများကို ကြင်နာပါ |
| ၁၆။ ဖေဖေ မေမေ ရှိခိုးမယ် | ၃၆။ အားငယ်သူ အားပေးပါ |
| ၁၇။ မိဘများကို ကူညီမယ် | ၃၇။ ချစ်စရာ သူငယ်ချင်းများ |
| ၁၈။ ဗုဒ္ဓဘာသာ မိသားစု | ၃၈။ ညောင်ရေသွန်းပွဲ |
| ၁၉။ အဘိုးအဘွားများကို ကူညီမယ် | ၃၉။ ဝါဆိုပွဲ |
| ၂၀။ ဆရာဆရာမများကို ရိုသေမယ် | ၄၀။ သီတင်းကျွတ်လပြည့်နေ့ |

| | |
|---|---|
| ၁၉။ သာသနာနှင့် သီလရှင် | လောကုတ္တရာစိတ် |
| ၂၀။ အမရပူရမြို့မဟာဂန္ဓာရုံဆရာတော် | ၃၈။ ခန္ဓသုတ်ပရိတ်တော် |
| ၂၁။ ဒေါက်တာအမ်ဘေဒကာ | ၃၉။ ဓမ္မစကြာတရားတော် |
| ၂၂။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် | ၄၀။ ဓမ္မစက္ကပဝတ္တနသုတ် |
| ၂၃။ တရားတော်ကို ဖတ်ရှုလေ့လာ နာကြား ခြင်း | |

သူငယ်တန်း (KG) သင်ရိုးညွှန်းတမ်းကို သားသားမီးမီးတို့၏ ဓမ္မစကူးလ်ကဏ္ဍ၊ မိမိတို့၏ မိသားစုကဏ္ဍ၊ မိမိတို့၏ ရပ်ရွာကဏ္ဍ၊ ဗုဒ္ဓမြတ်စွာကဏ္ဍ၊ ပွဲတော်များကဏ္ဍ ဟူသော ကဏ္ဍ (၅) ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ ကလေးများ စာမဖတ်နိုင်သေး၍ ကျောင်းသားကိုင်စာအုပ် သီးသန့်မထားရှိဘဲ ဆရာလမ်းညွှန်စာအုပ်နှင့် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးရန် စီစဉ်ထားရှိပါသည်။

| သူငယ်တန်း (KG) | |
|---|---|
| ၁။ ရတနာသုံးပါး ရှိခိုးခြင်း | ၂၁။ ကုသိုလ်ရစေတဲ့ နှုတ်ဆက်စကား |
| ၂။ အနန္တော အနန္တငါးပါးကို ရှိခိုးခြင်း | ၂၂။ အားပေးကူညီပါ |
| ၃။ ဩကာသ ကန်တော့ချီး | ၂၃။ ရပ်ရွာ၌ ယဉ်ကျေးခြင်း |
| ၄။ ဆုတောင်းမေတ္တာ ပို့ကြမယ် | ၂၄။ ဗုဒ္ဓဝင်အကျဉ်း |
| ၅။ ဝေယျာဝစ္စ | ၂၅။ ဘုရားလောင်းမိသားစု |
| ၆။ သူငယ်ချင်းများနဲ့ တူပျော်ပျော် | ၂၆။ ဘုရားလောင်း၏ ဖွားဖက်တော်များ |
| ၇။ ဂုဏ်ယူစရာ ဓမ္မစကူးလ်ကျောင်းသား | ၂၇။ သူ့အသက်ကို မသတ်ပါ |
| ၈။ ဓမ္မစကူးလ်၌ ယဉ်ကျေးခြင်း (၁) | ၂၈။ ခွင့်တောင်းပြီးမှ ယူပါ |
| ၉။ ဓမ္မစကူးလ်၌ ယဉ်ကျေးခြင်း (၂) | ၂၉။ မှန်မှန်ကန်ကန် ပြောကြမယ် |
| ၁၀။ ဗုဒ္ဓဘာသာမိသားစု | ၃၀။ ကြိုးစားသူ ဘုရားလောင်း |
| ၁၁။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်လုပ်ငန်း | ၃၁။ ပေးကမ်းလှူဒါန်းသူ ဘုရားလောင်း |
| ၁၂။ ယဉ်ယဉ်ကျေးကျေး စားသောက်မယ် | ၃၂။ ပညာရှိ ဘုရားလောင်း မဟော်သဓာ |
| ၁၃။ ချစ်ချစ်ခင်ခင် နေကြမယ် | ၃၃။ ကြင်နာတတ်တဲ့ မြတ်စွာဘုရား |
| ၁၄။ မိသားစုအတွင်း ယဉ်ကျေးခြင်း | ၃၄။ ကိုယ်ချင်းစာပါ |
| ၁၅။ နေချင်စဖွယ် အိမ်ကလေး | |

| ဒုတိယတန်း | |
|---|---|
| ၁။ ပျော်စရာ ဓမ္မစကူးလ် | ၂၁။ ပျော်ရွှင်ဖွယ်မိသားစု |
| ၂။ ဘုရားအလောင်း ဖွားမြင်တော်မူခြင်း | ၂၂။ တပည့်ကျင့်ဝတ် |
| ၃။ ဘုရားအလောင်း ငယ်စဉ်ဘဝ | ၂၃။ သစ္စာရှိသောတပည့် |
| ၄။ ဘုရားအလောင်း တောထွက်တော်မူခြင်း | ၂၄။ အသိဉာဏ်ပညာ ကြိုးစားရှာ |
| ၅။ ဘုရားဖြစ်တော်မူခြင်း | ၂၅။ ဆွမ်းလောင်းလှူကြမယ် |
| ၆။ ဘုရားရှိခိုးကြစို့ | ၂၆။ သနားစရာ သမင်လေးများ |
| ၇။ ရတနာသုံးပါး | ၂၇။ ရွှေငါးကြီး |
| ၈။ ရွှေဥဒေါင်းမင်း | ၂၈။ သီလဆောင့်ထိန်းကြစို့ |
| ၉။ မေတ္တာပို့ကြမယ် | ၂၉။ မောင်လူအေးရဲ့ တစ်နေ့တာ |
| ၁၀။ ဘုရားဖူးသွားကြမယ် | ၃၀။ သူငယ်ချင်းကောင်းများ |
| ၁၁။ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ | ၃၁။ လိမ္မာသော ကလေးများ |
| ၁၂။ နေထိုင်ရေး မင်္ဂလာ | ၃၂။ ညီညီညွတ်ညွတ်နေကြမယ် |
| ၁၃။ ကိုရင်ငယ်လေးပါး | ၃၃။ အလှူဒါန ပြုကြမယ် |
| ၁၄။ ဘုန်းကံကြီးလှ ကိုရင်တိဿ | ၃၄။ လိမ္မာသူကို အတုယူ |
| ၁၅။ မွန်အမျိုးသမီးလေး တလထော် | ၃၅။ မြင်းဖြူရှင် |
| ၁၆။ မင်းမြတ်အနော်ရထာ | ၃၆။ စားသောက်ရာမှာ ယဉ်ကျေးပါ |
| ၁၇။ ဘုန်းကြီးကျောင်း သွားကြမယ် | ၃၇။ ယဉ်ယဉ်ကျေးကျေး ပြောကြမယ် |
| ၁၈။ ပတ်ဝန်းကျင်ကို သန့်ရှင်းပါ | ၃၈။ ကန္တာရကုန်သည်များ |
| ၁၉။ တံမြက်စည်းလှည်းတဲ့ မင်းသားလေး | ၃၉။ တန်ဆောင်တိုင်ပွဲတော် |
| ၂၀။ မိဘကျေးဇူး | ၄၀။ သင်္ကြန်ပွဲတော် |

| တတိယတန်း | |
|---|---|
| ၁။ ကျွန်ုပ်တို့ဓမ္မစကူးလ် | ၂၁။ ဆရာ့မေတ္တာ |
| ၂။ သိဒ္ဓတ္ထမင်းသား | ၂၂။ မိတ်ဆွေကောင်း |
| ၃။ တောထွက်တော်မူခြင်း | ၂၃။ ပန်းလှူရကျိုး |
| ၄။ ဘုရားဖြစ်တော်မူခြင်း | ၂၄။ မျှဝေသုံးစွဲခြင်း |
| ၅။ ဘုရားဖြစ်ပြီးစအချိန် | ၂၅။ မုန့်ဖိုး |
| ၆။ ဘုရားရှိခိုးရကျိုး | ၂၆။ စည်းတီးသမားလေး |

၇။ အမြတ်ဆုံးသီလ
၈။ ငါးပါးသီလ
၉။ မေတ္တာဘာဝနာစီးဖြန်းခြင်း
၁၀။ ကောင်းမှုအကျိုး
၁၁။ မဟာမြတ်မုနိဘုရားကြီး
၁၂။ ကျန်စစ်သားမင်း
၁၃။ ပညာရေးမင်္ဂလာ
၁၄။ ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှု မင်္ဂလာ
၁၅။ မကောင်းမှုများ ရှောင်ရှားမယ်
၁၆။ ကိုယ်ချင်းစာတရား
၁၇။ ကိုရင်လေးသုမန
၁၈။ မယ်ကာဦး
၁၉။ သူ့ကျေးဇူးကို သိတတ်ပါ
၂၀။ ရွှေသမင်မောင်နှမ
၂၇။ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချခြင်း
၂၈။ ကြိုးစားမှုသာ အဓိကပါ
၂၉။ သန့်ရှင်းရေး
၃၀။ ချစ်ချစ်ခင်ခင်နေကြမယ်
၃၁။ စည်းလုံးခြင်းသည်အင်အား
၃၂။ အမှန်အတိုင်း ပြောကြမယ်
၃၃။ ချိုချိုသာသာပြောဆိုပါ
၃၄။ မွေးနေ့ပွဲ
၃၅။ အစွဲအလန်းကြီးလွန်းသူ
၃၆။ ဘယ်လိုလူမျိုးဖြစ်ချင်သလဲ
၃၇။ မိုက်မဲသောသား
၃၈။ အားလုံးကိုချစ်မယ်
၃၉။ ဘုရားပွဲတော်
၄၀။ ဆယ့်နှစ်လရာသီပွဲတော်များ

## စတုတ္ထတန်း

၁။ ပျော်စရာဓမ္မစကူးလ်
၂။ ဘုရားဆုပန်တော်မူခြင်း
၃။ သိဒ္ဓတ္ထမင်းသား ငယ်စဉ်ကလေးဘဝ
၄။ သိဒ္ဓတ္ထမင်းသား ထီးနန်းစည်းစိမ် ခံစားတော်မူခြင်းနှင့် တောထွက်တော်မူခြင်း
၅။ ဘုရားဖြစ်တော်မူခြင်း
၆။ သာသနာပြုစေလွှတ်တော်မူခြင်း
၇။ ကျင့်ကြံစရာ တရားရတနာ
၈။ တရားထိုင်ကြမယ်
၉။ ဒုစရိုက်တရား ဆယ်ပါး
၂၁။ လေးလေးစားစား လှူကြမယ်
၂၂။ ကျိုက်ထီးရိုးဘုရား သွားကြမယ်
၂၃။ စင်ကြယ်သော အသက်မွေးမှု
၂၄။ အကျိုးပျက်ပြား ကုန်းတိုက်စကား
၂၅။ မဆင်မခြင် ပြောသည့်ဆိုးကျိုး
၂၆။ သန့်ရှင်းစေချင် တို့ဝန်းကျင်
၂၇။ ညီညီညွတ်ညွတ်နေကြမယ်
၂၈။ စိတ်ထားဖြောင့်မတ်ခြင်း
၂၉။ အများအကျိုးဆောင်
၃၀။ ပညာရှိခေါင်းဆောင်ကောင်း

၁၀။ လူမှုရေးမင်္ဂလာ
၁၁။ မကောင်းမှုရှောင် ကောင်းမှုဆောင်
၁၂။ ဣန္ဒြေရှင်ကိုရင်လေး
၁၃။ ဥတ္တမာထေရီ
၁၄။ မိဘစကားနားထောင်သော ဒီယာဝု
၁၅။ မိဘကျေးဇူး
၁၆။ မိတ်ဆွေစစ်
၁၇။ မေတ္တာရှင်မလေး
၁၈။ ရွှေရောင်နတ်သမီးလေး
၁၉။ ဆွမ်းကပ်လှူမယ်
၂၀။ ရေချမ်းကပ်လှူမယ်
၃၁။ ဘုရင်မကြီး ရှင်စောပု
၃၂။ အသက်သခင်ကို ပြစ်မှားသူ
၃၃။ တစ်လုတ်စားဖူး သူ့ကျေးဇူး
၃၄။ ပဥ္စာဝုဓမင်းသား
၃၅။ အမည်နှင့် အရည်အချင်း
၃၆။ သူများမကောင်းကြံ ကိုယ့်ဘေးရန်
၃၇။ လူကောင်းနှင့် လူဆိုး
၃၈။ ပျင်းရိစိတ်များ တို့ပယ်ရှား
၃၉။ ကဆုန်လပြည့်ဗုဒ္ဓနေ့
၄၀။ ဝါဆိုလပြည့်နေ့

## ပဥ္စမတန်း

၁။ ဘုရားဖြစ်တော်မူခြင်း
၂။ သာသနာပြုလုပ်ငန်း စတင်တော်မူခြင်း
၃။ ရသေ့ညီနောင် ရှင်တစ်ထောင်ကို ချေချွတ်တော်မူခြင်း
၄။ မြတ်စွာဘုရားနှင့် ဗိမ္ဗိသာရမင်းကြီး တွေ့ဆုံခြင်း
၅။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း
၆။ အသက်နှင့်လဲ၍ သီလစောင့်သူ
၇။ အင်္ဂုလိမာလမထေရ်
၈။ မဟာဓမ္မိက ဥပါသကာ
၉။ လူကောင်းလူတော်ဖြစ်ရေး မင်္ဂလာ
၁၀။ အောင်မြင်ရေးမင်္ဂလာ
၁၁။ ဗုဒ္ဓဘာသာနိုင်ငံများ
၁၂။ သီလဝတီမိဖုရား
၁၃။ အရှင်သောဏနှင့် အရှင်ဥတ္တရ
၂၁။ ဖိနပ်လှူသည့် သူဌေးကြီး
၂၂။ ဩကာသကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၁)
၂၃။ ဩကာသကန်တော့ချိုးဆိုင်ရာ သိမှတ်ဖွယ်ရာများ (၂)
၂၄။ ပေါက်ပင်နှင့်ညောင်ပင်
၂၅။ မဟာဓနသူဌေးသား
၂၆။ အချိန်ကို စီမံခြင်း
၂၇။ လုံ့လဝီရိယထားကြမယ်
၂၈။ လောကကို စောင့်ရှောက်သော တရား
၂၉။ သေးတာမက်လို့ ကြီးတာပျောက်
၃၀။ ဆုံးဖြတ်ချက် မခိုင်မာသူ
၃၁။ ပညာရှိခေါင်းဆောင်ကောင်း
၃၂။ ဒေါ်ဦးဖွန်း
၃၃။ သီလကို ချစ်မြတ်နိုးသော လုလင်ပျို

သာသနာပြု ကြွတော်မူခြင်း
၁၄။ ဓမ္မစေတီမင်း
၁၅။ ကာလသူဌေးသား
၁၆။ ဖခင်မေတ္တာ
၁၇။ မတူသည်ကို တုမိသူ
၁၈။ ဆရာ့ကျေးဇူးကန်းသူ
၁၉။ ပန်းကပ်လှူမယ်
၂၀။ ဆီမီးကပ်လှူမယ်

၃၄။ ပေးအပ်သောတာဝန်
၃၅။ အကြံကောင်းက အများချမ်းသာ
၃၆။ အရာရာကို ချင့်ချိန်ပါ
၃၇။ မကောင်းမှုဒဏ် ကိုယ့်ထံပြန်
၃၈။ စဉ်းလဲသောဗျိုင်း
၃၉။ အဘိဓမ္မာ အခါတော်နေ့
၄၀။ ကထိန်ပွဲ

အလယ်တန်းသင်ရိုးညွှန်းတမ်းများကို ရတနာသုံးပါးကဏ္ဍ၊ ဗုဒ္ဓဝင်ကဏ္ဍ၊ မင်္ဂလာတရားတော်ကဏ္ဍ၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဘာသာရေးလုပ်ငန်းစဉ်များကဏ္ဍ၊ ဗုဒ္ဓဘာသာသမိုင်း၊ ပုဂ္ဂိုလ်ထူးများနှင့် နေ့ထူးနေ့မြတ်များကဏ္ဍ၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ လူမှုရေးကျင့်ဝတ်များကဏ္ဍ၊ ဗုဒ္ဓဝါဒကဏ္ဍ၊ အဘိဓမ္မာကဏ္ဍ၊ ရွတ်ဖတ်ပူဇော်ဖွယ်ရာဓမ္မရတနာကဏ္ဍဟူသော ကဏ္ဍ (၉) ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။

ဆဋ္ဌမတန်း

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ ဘုရားရှိခိုး
၂။ သတ္တသတ္တာဟ စံနေတော်မူခြင်း
၃။ ထူးထွေဆန်းပြား ရောင်ခြည်တော် ခြောက်ပါး
